# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၀/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ ဧပြီလ(၁၁) ရက်

| ၁၁ - ၄ - ၂၀၂၄ | |
|---|---|
| ငွေကြေးအမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၂၅၆.၀ |
| စင်္ကာပူဒေါ်လာ | ၁၅၅၁.၄ |
| စတာလင်ပေါင် | ၂၆၃၆.၆ |
| ဂျပန်ယန်း (၁၀၀) | ၁၃၇၀.၅ |
| တရုတ်ယွမ် | ၂၉၀.၁၈ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၈.၀၁ |
| အိန္ဒိယရူပီး | ၂၅.၁၈၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၃.၄၆ |
| မလေးရှားရင်းဂစ် | ၄၄၂.၃၄ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၁၆၂ |
| ထိုင်းဘတ် | ၅၇.၃၂၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၄၀၂၅ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ကုန်းလမ်း-ပင်လယ်ရေကြောင်း ကုန်သွယ်ရေးစင်္ကြံသည် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား သစ်သီးဝလံကုန်သွယ်မှုကို လွယ်ကူချောမွေ့စေ

➢ ၂၀၂၄ ခုနှစ်၊ ပထမ(၂)လအတွင်း တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံတင်သွင်းမှု မြင့်တက်ခဲ့

➢ အိန္ဒိယနိုင်ငံတွင် ပဲဈေးနှုန်းများတက်လာခြင်းကြောင့်- စားတော်ပဲ၊ ပဲစင်းငုံနှင့် မတ်ပဲတို့၏ သိုလှောင်ထားရှိမှုလက်ကျန်စာရင်းကို ပုံမှန်ကြေညာရန် ကုန်သည်များအား တောင်းဆိုလာနိုင်

➢ Maldives သို့ သကြား၊ ဆန်နှင့် ကြက်သွန်နီများတင်ပို့ခွင့်ပြုခဲ့သည့် အိန္ဒိယနိုင်ငံ

➢ ၂၀၂၄ ခုနှစ်၊ မတ်လအတွက် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း ထုတ်ပြန်ခဲ့ခြင်း

➢ ရုရှားအစိုးရက ခရမ်းချဉ်သီးတန်ချိန် ၁ သိန်းအား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းရန် ခွင့်ပြုခဲ့

➢ အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီကြမ်းတင်ပို့မှုတွင် ဥရောပနိုင်ငံများသို့ အများဆုံးဖြစ်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း (The Indonesia Palm Oil Association – GAPKI) က ထုတ်ပြန်

- **အထွေထွေသတင်းများ**

➢ ရုရှားရေနံ အဓိကဝယ်ယူသူများသည် အာရှ-ပစိဖိတ်ဒေသနိုင်ငံများဖြစ်

## ကုန်းလမ်း-ပင်လယ်ရေကြောင်းကုန်သွယ်ရေးစင်္ကြံသည် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား သစ်သီးဝလံကုန်သွယ်မှုကို လွယ်ကူချောမွေ့စေ

အင်ဒိုနီးရှားနိုင်ငံမှ မင်းဂွတ်သီး (၆၈)တန် သယ်ဆောင်လာသည့် ကုန်တင်သင်္ဘောတစ်စီးသည် ရှစ်ရက်ကြာ ခရီးစဉ်အပြီးတွင် တရုတ်နိုင်ငံတောင်ပိုင်း၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ချင်းကျိုးဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ကြောင်းနှင့် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်ပြီးနောက် သစ်သီးများကို အနီးအနားရှိပြည်နယ်များအပြင် ကွမ်တုန်း-ဟောင်ကောင်-မကာအိုဒေသနှင့် ရန်ဇီမြစ်ဝကျွန်းပေါ်ဒေသများသို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံတကာကုန်းမြေ-ပင်လယ်ရေကြောင်း ကုန်သွယ်ရေးစင်္ကြံသစ်(New International Land-Sea Trade Corridor)တစ်လျှောက် အချက်အချာကျသည့် ချင်းကျိုးဆိပ်ကမ်းတွင် အာဆီယံနိုင်ငံများမှ ကုန်ပစ္စည်းများကို တရုတ်နိုင်ငံ၊ ကုန်းတွင်းပိုင်းဒေသများသို့ ပို့ဆောင်ပေးနေသည့် ကုန်တင်ရထားများ နေ့စဉ်နှင့်အမျှ စည်ကားလျက်ရှိကြောင်း သိရှိရပါသည်။

၂၀၁၇ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည့် New International Land-Sea Trade Corridor သည် တရုတ်နိုင်ငံအနောက်ပိုင်းရှိ ပြည်နယ်အဆင့်ဒေသများနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းတည်ဆောက်ထားသော ကုန်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းတစ်ခုဖြစ်ကြောင်း၊ အဆိုပါလမ်းကြောင့် ယနေ့တွင် အရှေ့တောင်အာရှမှ သစ်သီးဝလံများ တရုတ်ဈေးကွက်သို့ ပိုမိုရောက်ရှိလာပြီး တရုတ်စားသုံးသူများ၏ မတူကွဲပြား၍များပြားသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ကြောင်း သိရှိရပါသည်။

ယခင်က တရုတ်နိုင်ငံသို့ တင်သွင်းလာသော သစ်သီးဝလံများကို ကွမ်ကျိုးမြို့ Nansha သို့ အဓိကရောက်ရှိကြောင်း၊ နိုင်ငံခြားကုန်သွယ်မှုလမ်းကြောင်းများ စဉ်ဆက်မပြတ်ချဲ့ထွင်မှုကြောင့် ယခုအချိန်တွင် ချင်းကျိုးဆိပ်ကမ်း၏ သွင်းကုန်သယ်ယူပို့ဆောင်ရေးမှာ ပိုမိုမြန်ဆန်၍ ကုန်ကျစရိတ်သက်သာကြောင်း Guangxi Zhengfan International Logistics Co., Ltd. မှ ဝန်ထမ်း တစ်ဦးဖြစ်သူ Huang Liangsong က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အာဆီယံနိုင်ငံများမှ လယ်ယာထွက်ကုန်များ တရုတ်ဈေးကွက်သို့ ဝင်ရောက်မှုကို တွန်းအားပေးရန်အတွက် ချင်းကျိုးဆိပ်ကမ်းသည် အပူပိုင်းဒေသသစ်သီးများအတွက် အမြန်လိုင်းများအပြင် အအေးခံစနစ်၊ အအေးခန်းသိုလှောင်မှုနှင့် အခြားအခြေခံအဆောက်အဦများကို တည်ဆောက်ပေးထားကြောင်း သိရှိရပါသည်။

Agribusiness & Trade

ထိုင်းနိုင်ငံ Laem Chabang မှ ချင်းကျိုးဆိပ်ကမ်းသို့ တစ်ပတ်လျှင် လေးကြိမ်ပြေးဆွဲသော အမြန်လိုင်းကို စတင်ပြေးဆွဲခဲ့ပြီး သစ်သီးများသည် သုံးရက်အတွင်း တရုတ်နိုင်ငံသို့ ရောက်ရှိနိုင်သည်ဟု Guangxi Free Trade Zone ၏ ချင်းကျိုးဆိပ်ကမ်းမှ တာဝန်ရှိသူ Zuo Kongtian က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အကောက်ခွန်စာရင်းဇယားများအရ ယခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ ချင်းကျိုးဆိပ်ကမ်းမှတစ်ဆင့် သစ်သီးများ အထူးသဖြင့် နဂါးမျက်စေ့သီး၊ အုန်းသီး၊ သရက်သီးနှင့် မင်းဂွတ်သီးတင်သွင်းမှုသည် စုစုပေါင်းတန်ချိန် (၃,၃၀၀)ကျော်ရှိ၍ တန်ဖိုးအားဖြင့် ယွမ် (၂၅.၄၃)သန်း (အမေရိကန်ဒေါ်လာ ၃.၅၁ သန်းခန့်)ရှိ၍ တစ်နှစ်ထက်တစ်နှစ် တန်ချိန်အားဖြင့်(၁၇၈.၄) ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် (၂၈၂.၅)ရာခိုင်နှုန်း အသီးသီး မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ချင်းကျိုးတွင် အာဆီယံနိုင်ငံများနှင့် ပူးပေါင်း၍ သစ်သီးရောင်းဝယ်ရေးစင်တာ တည်ထောင်ခြင်းသည် ထိရောက်သော အကောက်ခွန်ရှင်းလင်းရေးကို အထောက်အကူဖြစ်စေကြောင်း၊ သစ်သီးများအတွက် စောင့်ဆိုင်းချိန်ကို လျှော့ချရန်နှင့် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန်အတွက် အစိမ်းရောင်လမ်းကြောင်းကို ဆောင်ရွက်ထားကြောင်း ချင်းကျိုးဆိပ်ကမ်းအကောက်ခွန်ဌာနမှ အရာရှိ Cao Teng က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ချင်းကျိုးဆိပ်ကမ်းမှ ကီလိုမီတာ (၂၀၀)ကျော် အကွာ၌တည်ရှိသော ယိုယွိဂိတ်သည် ကွမ်ရှီးဒေသရှိ တရုတ်-ဗီယက်နမ်နယ်စပ်တွင် တည်ရှိပြီး ၂၀၂၃ ခုနှစ်တွင် သစ်သီးဝလံ တင်သွင်းမှုသည် ယွမ် (၂၃.၈၈)ဘီလီယံခန့်ရှိပြီး တစ်နှစ်ထက်တစ်နှစ် (၂၆၂.၃)ရာခိုင်နှုန်း တိုးလာကြောင်း ဒေသဆိုင်ရာအကောက်ခွန်ဌာန၏ အချက်အလက်များအရ သိရှိရပါသည်။

ယခုနှစ် ဧပြီလဆန်းပိုင်းသည် တရုတ်နိုင်ငံသို့ ယိုယွိဂိတ်မှတစ်ဆင့် ဗီယက်နမ်နှင့် အရှေ့တောင်အာရှနိုင်ငံများမှ အပူပိုင်းဒေသထွက်သစ်သီးများ အများဆုံးဝင်ရောက်သည့်ကာလဖြစ်ပြီး ဒူးရင်းသီးနှင့်ပိန္နဲသီးမှည့်များ တင်ဆောင်လာသည့် ကုန်တင်ယာဉ်များသည် အကောက်ခွန်ရှင်းလင်းရေးဆောင်ရွက်ရန် တန်းစီစောင့်ဆိုင်းလျက်ရှိကြောင်း သိရှိရပါသည်။

ကွမ်ရှီးအခြေစိုက် ထောက်ပံ့ရေးကွင်းဆက်စီမံခန့်ခွဲမှုကုမ္ပဏီ၏ ဥက္ကဋ္ဌ Wang Zhengbo ၏ ပြောကြားချက်အရ တရုတ်နှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများသည် မကြာသေးမီနှစ်များအတွင်း ဆက်တိုက်မြင့်တက်လာခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးတွင် ကုန်ပစ္စည်းအရေအတွက်နှင့် အမျိုးအစားများ ပိုမိုများပြားလာသည့်အပြင် ကုန်စည်ပို့ဆောင်မှုပမာဏ ဆက်တိုက်တိုးလာသည်ကို တွေ့ရှိရကြောင်း သိရှိရပါသည်။

Agribusiness & Trade

New International Land–Sea Trade Corridor သည် သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းများ နက်ရှိုင်းစွာ ပေါင်းစပ်ပါဝင်သည့် စီးပွားရေးစင်္ကြံတစ်ခုဖြစ်ပြီး နိုင်ငံအချင်းချင်း စက်မှုပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသောအခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိကြောင်း သိရှိရပါသည်။

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP) ကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းနှင့် ကုန်းမြေ–ပင်လယ်ရေကြောင်းကုန်သွယ်မှုစင်္ကြံကို အရှိန်မြှင့်တင်ခြင်းဖြင့် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုသည် အခွင့်အလမ်းသစ်များ ဆောင်ကြဉ်းလာလိမ့်မည်ဟု Zuo က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://english.news.cn/20240406/46893e08912b41ed95bbb297af035a09/c.html

................................................................................................................

## ၂၀၂၄ ခုနှစ်၊ ပထမ(၂)လအတွင်း တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံတင်သွင်းမှု မြင့်တက်ခဲ့

တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံတင်သွင်းမှုသည် ယခုနှစ် ပထမနှစ်လတွင် ပုံမှန်တိုးတက်လျက်ရှိသည်ဟု တရားဝင်အချက်အလက်များ၌ ဖော်ပြထားကြောင်း သိရှိရပါသည်။ အဆိုပါ(၂) လအတွင်း တရုတ်နိုင်ငံသည် ကောက်ပဲသီးနှံတန်ချိန် (၁၃.၃၆)သန်း တင်သွင်းခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် (၂၉.၅၇)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရပါသည်။

သွင်းကုန်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၄.၀၃)ဘီလီယံရှိပြီး ယခင်နှစ် အလားတူကာလ ထက် (၁.၃၈)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။ ဖေဖော်ဝါရီတစ်လတည်းတွင် တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံတင်သွင်းမှုသည် တန်ချိန် (၆.၇၆) သန်းနီးပါးရှိပြီး တစ်နှစ်ထက်တစ်နှစ် (၂၀.၈၄)ရာခိုင်နှုန်းတိုးလာကြောင်း ကိန်းဂဏန်း အချက်အလက်များက ဖော်ပြထားကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://english.news.cn/20240404/0727d6fafbb14a03ad58d137e5192464/c.html

................................................................................................................

Agribusiness &, Trade

## အိန္ဒိယနိုင်ငံတွင် ပဲစျေးနှုန်းများတက်လာခြင်းကြောင့်- စားတော်ပဲ၊ ပဲစင်းငုံနှင့် မတ်ပဲတို့၏ သိုလှောင်ထားရှိမှုလက်ကျန်စာရင်းကို ပုံမှန်ကြေညာရန် ကုန်သည်များအား

အိန္ဒိယနိုင်ငံ၏ အချို့သောစျေးကွက်များတွင် ပဲစျေးနှုန်းများ မြင့်တက်နေသည့်အတွက် စားတော်ပဲ၊ ပဲစင်းငုံနှင့် မတ်ပဲ သိုလှောင်ထားရှိမှုလက်ကျန်စာရင်းကို ကုန်သည်များနှင့် လက်လီရောင်းချသူများမှ မဖြစ်မနေတင်ပြရန် အစိုးရမှ စီစဉ်လျက်ရှိကြောင်း The Economic Times သတင်းစာတွင်ဖော်ပြထားပါသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်း အချို့သောစျေးကွက်များတွင် ပဲမျိုးစုံစျေးနှုန်းများမြင့်တက်ခဲ့ပြီး ပဲစင်းငုံစျေးသည် ယခင်လနှင့် နှိုင်းယှဉ်ပါက ဧပြီလအစတွင် ၁၀၀ ကီလိုဂရမ်လျှင် ရူပီး ၁၀၀ တက်လာခဲ့ကြောင်း၊ ပဲတီစိမ်းနှင့် ပဲနီလေးတို့၏ စျေးနှုန်းမှာလည်း အလားတူမြင့်တက်လာသည်ကိုတွေ့ရကြောင်းနှင့် ပဲမျိုးစုံစျေးနှုန်းများ မြင့်မားလာခြင်းသည် အစိုးရအတွက် စိုးရိမ်စရာ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယအစိုးရက ၂၀၂၃-၂၀၂၄ (ဇူလိုင်-ဇွန်) သီးနှံနှစ်တွင် ပဲစင်းငုံသည် တန်ချိန် ၃.၃၃ သန်းထွက်ရှိမည်ဖြစ်ကြောင်းနှင့် ယခင်နှစ်ထက် အနည်းငယ်လျော့နည်းမည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ပြည်ပမှ တန်ချိန် ၀.၇၇ သန်း တင်သွင်းခဲ့သော်လည်း စားသုံးသူရေးရာဦးစီးဌာန၏ အဆိုအရ ပဲစင်းငုံလက်လီစျေးသည် တစ်ကီလိုလျှင် ရူပီး ၁၆၀ ကျော် ဖြစ်ပေါ်ခဲ့ကြောင်းနှင့် ပဲစင်းငုံလက်လီစျေးသည် ပဲမျိုးစုံတွင် အမြင့်ဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

ပဲမျိုးစုံလက်ကားစျေးအညွှန်းကိန်းသည် ဇန်နဝါရီလတွင် ၁၆.၀၆%မှ ဖေဖော်ဝါရီလတွင် ၁၈.၄၈% မြင့်တက်ခဲ့ကြောင်းနှင့် ဧပြီလမှ မေလအတွင်း ကျင်းပရန် စီစဉ်ထားသည့် အထွေထွေရွေးကောက်ပွဲနှင့်အတူ အစိုးရသည် ပို့ကုန်ကန့်သတ်ချက်များချမှတ်ခြင်း၊ သိုလှောင်ထားရှိမှု ပမာဏအားကန့်သတ်ခြင်း၊ အရန်ကုန်စည်များအား ချရောင်းခြင်းနှင့် သွင်းကုန်ခွန်များ ဖယ်ရှားခြင်း စသည်ဖြင့် စားသောက်ကုန်စျေးနှုန်းများမြင့်တက်မှုကိုတားဆီးနိုင်ရန် ကြိုးပမ်းမှုများစွာ ပြုလုပ်ခဲ့သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလအစောပိုင်းတွင် ဗဟိုအစိုးရသည် စားတော်ပဲကို ၂၀၂၄ ခုနှစ် မတ်လအထိ အခွန်ကင်းလွတ်ခွင့်ဖြင့်တင်သွင်းခွင့်ပြုခဲ့ကြောင်းနှင့် လွန်ခဲ့သည့်လအနည်းငယ်အတွင်း စားနပ်ရိက္ခာဖောင်းပွမှုကိုထိန်းထားနိုင်ရန်နှင့် ပဲစျေးနှုန်းများတည်ငြိမ်မှုရှိစေရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ဧပြီလအထိ သက်တမ်းတိုးခဲ့ကြောင်း၊ စားတော်ပဲများ များစွာတင်သွင်းနေသော်လည်း စျေးကွက်နှင့် စားသုံးသူများ လက်လှမ်းမမီဖြစ်နေသဖြင့် သိုလှောင်ထားရှိမှု လက်ကျန်အား မဖြစ်မနေထုတ်ဖော်ခြင်းကဲ့သို့သော အဆင့်များသည် စျေးကစားရန်အတွက် ကုန်သိုလှောင်မှုအား တားဆီးနိုင်လိမ့်မည်ဟုအကြီးတန်း အရာရှိတစ်ဦးက ပြောကြားထားသည်။ အိန္ဒိယသည် ယခု

Agribusiness & Trade

ဘဏ္ဍာရေးနှစ်တွင် မတ်လ ၃၁ ရက်မတိုင်မီ စားတော်ပဲတန်ချိန် တစ်သန်းခန့် တင်သွင်းခဲ့ပြီး ယခုကာလများအတွင်း အမြင့်ဆုံးဖြစ်နိုင်သည်ဟု အစိုးရ၏ ခန့်မှန်းချက်များ အရသိရသည်။ အိန္ဒိယသည် စားတော်ပဲကို ကနေဒါနှင့် ရုရှားနိုင်ငံတို့မှ အဓိက တင်သွင်းလျှက်ရှိသည်။

၂၀၂၂-၂၀၂၃ သီးနှံချိန်တွင် ပဲမျိုးစုံထွက်ရှိမှုမှာ တန်ချိန် ၂၆.၀၅ သန်းနှင့် စားသုံးမှုမှာ နှစ်စဉ်တန်ချိန် ၂၈ သန်း ဝန်းကျင်ခန့်ရှိခဲ့ပြီး အိန္ဒိယလူမျိုးများ၏ ဝယ်ယူမှုစွမ်းအား တိုးလာသည်နှင့်အမျှ ပဲမျိုးစုံစားသုံးမှုအတွက် လိုအပ်ချက်မှာလည်း တဖြည်းဖြည်း ကြီးထွားလျှက်ရှိပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ရွေးကောက်ပွဲကာလအတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ပဲစဉ်းငုံ၊ မတ်ပဲနှင့် စားတော်ပဲတို့၏ သိုလှောင်ထားရှိမှုအခြေအနေများကို မဖြစ်မနေကြေငြာရမည်ဟု သတင်းများ ထွက်ပေါ်နေမှုအခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Rising prices: Traders may be asked to declare stocks of yellow peas, tur and urad dal regularly, The Economic Times,

## Maldives သို့ သကြား၊ ဆန်နှင့် ကြက်သွန်နီများတင်ပို့ခွင့်ပြုခဲ့သည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်အရ Maldives သို့ ဥများ၊ အာလူး၊ ကြက်သွန်နီ၊ ဆန်၊ ဂျုံမှုန့်၊ သကြား၊ ပဲမျိုးစုံ၊ ကျောက်ခဲမျိုးစုံ (stone aggregate) နှင့် မြစ်မှရယူသောသဲ (river sand) တို့ကို တင်ပို့ရောင်းချခဲ့ခွင့်ပြုခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် အဆိုပါထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချခွင့်အား လတ်တလောတွင် တားမြစ်ကန့်သတ်ထားခြင်းဖြစ်သည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း အဆိုပါထုတ်ကုန်များကို သတ်မှတ်သော အရေအတွက် ကန့်သတ်ချက်အရသာ တင်ပို့ရောင်းချခွင့်ပြုခဲ့ခြင်းဖြစ်ပြီး၊ လက်ရှိတည်ဆဲနှင့် အနာဂတ်တွင် ပြုလုပ်မည့်ပို့ကုန်ဆိုင်ရာ တားမြစ်ကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

ဥမျိုးစုံအရေအတွက် ၄၂၇.၅၄ သန်း၊ အာလူးကို ၂၁၅၁၃.၀၈ တန်၊ ကြက်သွန်နီကို ၃၅၇၄၉.၁၃ တန်၊ ဆန်ကို ၁၂၄၂၁၈.၃၆ တန်၊ ဂျုံမှုန့်ကို ၁၀၉၁၆၂.၉၆ တန်၊ သကြားကို ၆၄၄၉၄.၃၃ တန်နှင့် ပဲမျိုးစုံကို ၂၂၄.၄၈ တန်အထိ အများဆုံးတင်ပို့ခွင့်ပြုထားကြောင်း သိရသည်။ ကျောက်ခဲမျိုးစုံနှင့် သဲ

ကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် အများဆုံး တန်ချိန် ၁၀ သိန်းသာတင်ပို့ခွင့်ပြုရန် အစိုးရမှ ဆုံးဖြတ်ထားကြောင်း သိရသည်။

သို့သော် သဲနှင့် ကျောက်ခဲမျိုးစုံတင်ပို့မှုနှင့်စပ်လျဉ်း၍ ထုတ်လုပ်တင်ပို့ရောင်းချသည့် ကုမ္ပဏီများအနေဖြင့် အဆိုပါထုတ်ကုန်များ ထုတ်လုပ်သည့်နေရာသည် ကန့်သတ်ဇရိယာများ အတွင်းမဖြစ်ရန် လိုအပ်ပြီး၊ သက်ဆိုင်ရာဌာနများ၏ ကင်းရှင်းကြောင်း ထောက်ခံချက်များရယူ ဆောင်ရွက်သွားရမည်ဟုဆိုသည်။ ပြည်နယ်အစိုးရများ၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိကြောင်းနှင့် ကန့်ကွက်ရန်မရှိကြောင်း အသိအမှတ်ပြုလက်မှတ်များကိုလည်း ရယူရန်လိုအပ်ကြောင်း သိရသည်။

Maldives သည် ၎င်း၏ ဒုတိယ Aviation platform တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အိန္ဒိယစစ်တပ်အရာရှိများကို ယခုနှစ် မေလ ၁၅ ရက်နေ့ နောက်ဆုံးထား၍ အစားထိုးထွက်ခွာရန် ပန်ကြားထားပြီး၊ နှစ်ဖက်ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လတ်တလောတွင် အိန္ဒိယစစ်တပ်အရာရှိအချို့နေရပ်ပြန်လာကြပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် လတ်တလောတွင် ပြည်ပတင်ပို့ခွင့်ရပ်ဆိုင်းထားသော ထုတ်ကုန်အချို့ကို Maldives သို့ ကန့်သတ်ချက်ဖြင့် တင်ပို့ရောင်းချခွင့်ပြုခဲ့သည်ကို ကြည့်ခြင်းအားဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဆေးဝါးသယ်ယူပို့ဆောင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယစစ်တပ်မှ လေကြောင်းဆိုင်ရာအရာရှိ (၈၀) ဦးကို စေလွှတ်ထားသည့်အပေါ် Maldives သမ္မတသစ်မှ သဘောမတူသည့်အတွက် အရပ်သားအရာရှိများနှင့် အစားထိုးပေးရန် နှစ်ဖက်အစိုးရမှ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့်အပေါ် သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

**ရည်ညွှန်း**။ The Hindu Businessline, India allows sugar, rice and onion exports to Maldives,

..............................................................................................................

## ၂၀၂၄ ခုနှစ်၊ မတ်လအတွက် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း ထုတ်ပြန်ခဲ့ခြင်း

၁။ မတ်လတွင် ဟင်းသီးဟင်းရွက်ဆီ၊ နို့ထွက်ပစ္စည်းများနှင့် အသားဈေးနှုန်း သတ်မှတ်ချက်များ မြင့်တက်ခဲ့မှုကြောင့် ကမ္ဘာ့စားသောက်ကုန် ဈေးနှုန်းညွှန်းကိန်း ၁.၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ၅-၄-၂၀၂၄ ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်တွင် အောက်ပါအချက်များကို အဓိက ဖော်ပြထားပါသည် -

- မတ်လတွင် FAO စားနပ်ရိက္ခာ ဈေးနှုန်းညွှန်းကိန်းသည် ဖေဖော်ဝါရီလထက် ၁.၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ပျမ်းမျှ ၁၁၈.၃ မှတ် ရှိခဲ့သော်လည်း ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၇.၇ ရာခိုင်နှုန်းအောက် ကျဆင်းနေသေးကြောင်း၊
- FAO ဟင်းသီးဟင်းရွက်ဆီ ဈေးနှုန်းညွှန်းကိန်းသည် စားအုန်းဆီ၊ ပဲပိစပ်ဆီ၊ နေကြာဆီနှင့် မုန်ညင်းဆီ အားလုံးအတွက် ဈေးနှုန်းသတ်မှတ်ချက်များ မြင့်တက်မှုကြောင့် ယခင်လထက် ၈.၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ နိုင်ငံတကာ စားအုန်းဆီဈေးနှုန်းများ မြင့်တက်မှုသည် အဓိက ထုတ်လုပ်သော နိုင်ငံများတွင် ရာသီပေါ် ဆီထွက်သီးနှံများ အထွက်လျော့ကျခဲ့ခြင်းနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ပြည်တွင်းဝယ်လိုအား ခိုင်မာခဲ့ခြင်းတို့နှင့် ဆက်စပ်နေကြောင်း၊ အလားတူ ပဲပိစပ်ဆီဈေးနှုန်းသည် အထူးသဖြင့် ဘရာဇီးလ်နှင့် အမေရိကန်နိုင်ငံတို့ရှိ ဇီဝလောင်စာဆီ ထုတ်လုပ်မှုကဏ္ဍမှ အလွန်အကျွံ ဝယ်ယူခဲ့ခြင်းကြောင့် နှစ်ပေါင်းများစွာတိုင်အောင် ဈေးနိမ့်ကျရာမှ ပြန်လည် ဈေးကောင်း ရလာခဲ့ကြောင်း၊
- ကမ္ဘာ့ဈေးကွက်တွင် ဒိန်ခဲနှင့် ထောပတ်ဈေးနှုန်းများ မြင့်တက်ခဲ့မှုကြောင့် FAO နို့ထွက်ပစ္စည်းဈေးနှုန်းညွှန်းကိန်း ယခင်လထက် ၂.၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ၆ လမြောက်အဖြစ် ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ကြောင်း၊
- နိုင်ငံတကာဈေးကွက်တွင် ကြက်/ဘဲ၊ ဝက်နှင့် အမဲသားဈေးနှုန်းများ မြင့်တက်ခဲ့မှုကြောင့် မတ်လတွင် FAO အသားဈေးနှုန်း ညွှန်းကိန်းသည် ဖေဖော်ဝါရီလထက် ၁.၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊
- သို့ရာတွင် FAO နှံစားသီးနှံဈေးနှုန်း ညွှန်းကိန်းသည် မတ်လတွင် ၂.၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ယခင်နှစ် အလားတူ ကာလတွင် ရှိခဲ့သည့် ဈေးနှုန်းအောက် ပျမ်းမျှ ၂၀ ရာခိုင်နှုန်းတွင် ရပ်တည်ခဲ့ကြောင်း၊ ယင်းသို့ ဈေးနှုန်းများကျဆင်းမှုသည် လက်ရှိ ပို့ကုန်ယှဉ်ပြိုင်မှု ခိုင်မာနေခြင်း၊ အထူးသဖြင့် တရုတ်နိုင်ငံက ဝယ်ယူမှု ရပ်တန့်လိုက်မှုနှင့် အီးယူ၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့အကြား ပို့ကုန်ယှဉ်ပြိုင်မှုတို့ကြောင့် ကမ္ဘာ့ဂျုံဈေးနှုန်းများ ကျဆင်းခဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်း၊

Agribusiness & Trade

- ယူကရိန်းနိုင်ငံတွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများကြောင့် ပြောင်းဆံပို့ကုန် ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာဝယ်လိုအား အထိုက်အလျောက် ရှိနေစဉ်မှာပင် FAO ဆန်ဈေးနှုန်းညွှန်းကိန်း ၁.၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊
- FAO သကြားဈေးနှုန်း ညွှန်းကိန်းသည် အိန္ဒိယနိုင်ငံ၏ ၂၀၂၃-၂၀၂၄ ခုနှစ်အတွက် သကြားထုတ်လုပ်မှု ခန့်မှန်းချက်သစ် ထုတ်ပြန်ခဲ့မှုနှင့် ထိုင်းနိုင်ငံတွင် ရာသီပေါ် ကြံရိတ်သိမ်းမှု တိုးတက်မှုတို့ကြောင့် ဖေဖော်ဝါရီလထက် ၅.၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

မြန်မာသံရုံး

ရောမမြို့

## ရုရှားအစိုးရက ခရမ်းချဉ်သီးတန်ချိန် ၁ သိန်းအား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းရန် ခွင့်ပြုခဲ့

ရုရှားဖက်ဒရေးရှင်းအစိုးရသည် ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ခရမ်းချဉ်သီး တန်ချိန် ၁၀၀,၀၀၀ အား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းရန် ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုခဲ့ကြောင်း သိရှိရသည်။

အဆိုပါဆုံးဖြတ်ချက်သည် ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ခရမ်းချဉ်သီးထုတ်ကုန်ဈေးနှုန်းတည်ငြိမ်စေရန် ရည်ရွယ်ကြောင်း အစိုးရ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါဆုံးဖြတ်ချက်တွင် နိုင်ငံခြားကုန်သွယ်ရေးလုပ်ငန်းများ၌ ပါဝင်သူများအား ကုန်ထုတ်လုပ်မှုပမာဏများ ဖြန့်ဖြူးခြင်းဆိုင်ရာ စည်းမျဉ်းများနှင့် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းနိုင်ရန်အတွက် လိုအပ်သောစာရွက်စာတမ်းများ ထုတ်ပေးခြင်းဆိုင်ရာ စည်းမျဉ်းများကို အတည်ပြုခဲ့သည်။ ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် အဆိုပါစာရွက် စာတမ်းများကို ထုတ်ပေးမည်ဖြစ်သည်။

ခရမ်းချဉ်သီးတင်သွင်းမှုအပေါ် အခြေခံအကောက်ခွန်နှုန်းထားသည် ကုန်စည်တန်ဖိုး ၏ ၁၀ ရာခိုင်နှုန်းဖြစ်သည်။ ဥရောပအာရှစီးပွားရေးကော်မရှင်(EEC) ကုန်သွယ်ရေးဝန်ကြီး Mr. Andrei Slepnev က စားသုံးသူဝယ်လိုအားတိုးလာပြီး ဖန်လုံအိမ်ခရမ်းချဉ်သီး ထုတ်လုပ်မှုသိသိသာသာ တိုးလာရန် မဖြစ်နိုင်သောကြောင့် သွင်းကုန်ထောက်ပံ့မှုသည် ရေတိုဈေးကွက်ကို ဟန်ချက်ညီအောင် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း မှတ်ချက်ပြုသည်။

ရုရှားနိုင်ငံသည် နှစ်စဉ် ခရမ်းချဉ်သီးတန်ချိန် ၅ သိန်းခန့်တင်သွင်းလျက်ရှိပြီး အဓိက တင်သွင်းသောနိုင်ငံများမှာ အဇာဘိုင်ဂျန်၊ အာမေးနီးယား၊ တရုတ်၊ ဥဇဘက်ကစ္စတန်၊ တူကီယဲ၊ အီရန်နှင့် အီဂျစ်နိုင်ငံများဖြစ်ပါသည်။ တရုတ်၊ တူကီယဲ၊ အီရန်နှင့် အီဂျစ်နိုင်ငံများ၏ ရောင်းချမှုဈေးနှုန်းသည် ပြည်တွင်းထုတ်ကုန်များ၏ ဈေးနှုန်းနှင့် ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

Source : https://www.interfax.ru/russia/953474

## အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီကြမ်းတင်ပို့မှုတွင် ဥရောပနိုင်ငံများသို့ အများဆုံးဖြစ်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း (The Indonesia Palm Oil Association – GAPKI) က

အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီကြမ်းတင်ပို့မှုမှာ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအထိ တန်ချိန် ၂.၈၀၂ သန်းဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ တင်ပို့မှုထက် ၁၄.၆၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အင်ဒိုနီးရှား စားအုန်းဆီအသင်း (The Indonesia Palm Oil Association – GAPKI) က သတင်းထုတ်ပြန်ခဲ့ပါသည်။

GAPKI ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ Mukti Sardjono က စားအုန်းဆီကြမ်းတင်ပို့မှုသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ တန်ချိန် ၂.၄၅၁ သန်းတင်ပို့နိုင်ခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ အထိ တန်ချိန် ၂.၈၀၂ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၁၄.၆၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ဥရောပနိုင်ငံများသို့ အများဆုံးတင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ၁၈၀,၀၀၀ တန် တင်ပို့နိုင်ခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ၃၆၈,၀၀၀ တန် တင်ပို့နိုင်ခဲ့ကြောင်း၊ ဒုတိယအများဆုံးတင်ပို့မှုအနေဖြင့် ပါကစ္စတန်နိုင်ငံသို့ တင်ပို့မှုဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ၂၈၄,၀၀၀ တန် တင်ပို့နိုင်ခဲ့ကြောင်း၊ ထို့ပြင် အာဖရိကသို့ တင်ပို့မှုမှာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ၂၄၀,၀၀၀ တန်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ၃၄၇,၀၀၀ တန် တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံသို့ ၅၂၇,၀၀၀ တန် တင်ပို့နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

၎င်းက ကမ္ဘာ့အကြီးဆုံးဟင်းသီးဟင်းရွက်ဆီတင်သွင်းသည့် နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီတင်သွင်းမှုမှာ ဇန်နဝါရီလတွင် လျော့ကျခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံသို့ စားအုန်းဆီကြမ်းတင်ပို့မှုမှာ ၅၆၉,၀၀၀ တန်ဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ၃၇၅,၀၀၀ တန်သာ တင်ပို့နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ပို့ကုန်ပမာဏအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ ၂.၀၈၂ ဘီလီယံ အထိရောက်ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၂.၃၀၄ ဘီလီယံအထိ ရှိခဲ့ကြောင်း၊ ပို့ကုန်ပမာဏတန်ဖိုး တိုးတက်ခဲ့ခြင်းမှာ စားအုန်းဆီကြမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၄၄ ရရှိခဲ့ရာမှ ၉၅၈ ရရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ဇန်နဝါရီလတွင် စားအုန်းဆီကြမ်း ကနဦး ၃၁၄,၆၀၀ တန် သိုလှောင်ထားရှိပြီး စားအုန်းဆီကြမ်းထုတ်လုပ်မှုမှာ ၄၆၃,၄၀၀ တန်၊ ပြည်တွင်းသုံးစွဲမှု ၁၉၄,၂၀၀ တန်၊ တင်ပို့မှု ၂၈၀,၂၀၀ တန်နှင့် ဇန်နဝါရီလကုန်တွင် သိုလှောင်ထားမှုမှာ ၃၀၄,၀၀၀ တန်ခန့်ရှိကြောင်း၊ စားအုန်းဆီကြမ်းထုတ်လုပ်မှုမှာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလထက် ၅.၉၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ သို့သော် ပြည်တွင်းစားသုံးမှု သည် ဒီဇင်ဘာလနှင့်နှိုင်းယှဉ်ပါက ကျဆင်းခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် စားသုံးမှု ၁၉၉,၅၀၀ တန်ရှိခဲ့ရာမှ ဇန်နဝါရီလတွင် ၁၉၄,၂၀၀ တန်သာ ရှိခဲ့ကြောင်း၊ ပြည်တွင်းစားသုံးမှု ကျဆင်းရာတွင် အစားအသောက်၊ oleochemical နှင့် ဇီဝဒီဇယ်တို့တွင် သုံးစွဲမှုကျဆင်းခဲ့ခြင်း ဖြစ်ကြောင်း Mukti Sardjono က ပြောကြားခဲ့ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စက်ာပူ

ရင်းမြစ်။ အင်ဒိုနီးရှားဆီအုန်းအသင်း (The Indonesia Palm Oil Association – GAPKI)

…………………………………………………………………………………………………………

## ရုရှားရေနံ အဓိကဝယ်ယူသူများသည် အာရှ-ပစိဖိတ်ဒေသနိုင်ငံများဖြစ်

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံမှ ရေနံတင်ပို့မှု၏ ၈၀ ရာခိုင်နှုန်းနှင့် ရေနံထွက်ကုန်ပစ္စည်း တင်ပို့မှု၏ ၃၅ ရာခိုင်နှုန်းသည် အာရှ-ပစိဖိတ်ဒေသနိုင်ငံများသို့ ပို့ဆောင်ခဲ့ကြောင်း ရုရှား ဒုတိယဝန်ကြီးချုပ် Mr. Alexander Novak က ပြောကြားခဲ့သည်။

ပိတ်ဆို့အရေးယူမှုများ စတင်ပြီးနောက် ရုရှားရေနံနှင့် ရေနံထွက်ပစ္စည်းတင်ပို့မှု ပမာဏအားလုံးကို ဈေးကွက်သစ်များသို့ အပြည့်အဝ လမ်းကြောင်းလွှဲနိုင်ခဲ့ကြောင်း၊ အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံများသည် ပြီးခဲ့သောနှစ်တွင် ရုရှားရေနံကို အဓိကဝယ်ယူခဲ့ကြကြောင်း၊ ရေနံ ၈၀ ရာခိုင်နှုန်းနှင့် ရေနံထွက်ပစ္စည်း ၃၅ ရာခိုင်နှုန်းကျော်ကို အဆိုပါဒေသရှိနိုင်ငံများသို့ ထောက်ပံ့ပေးခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံမှ ရေနံတင်ပို့မှုပမာဏသည် တန်ချိန် ၂၃၄.၃ သန်းရှိပြီး ၎င်းသည် ယခင်နှစ်ကထက် ၃.၃ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ရေနံထွက်ကုန်ပစ္စည်း တန်ချိန် ၁၄၄.၁ သန်းနှင့် ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၁၂၇.၄ သန်းအထိ တင်ပို့နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရေနံထွက်ကုန်ပစ္စည်းတင်ပို့မှုပမာဏကို ထုတ်ဖော်ပြောကြားခြင်း မရှိဘဲ ရေနံတန်ချိန် ၅၃၀.၆ သန်း ရှိသည့်အနက် ရေနံသန့်စင်ထုတ်လုပ်မှု ပမာဏမှာ တန်ချိန် ၂၇၅ သန်း

ရှိကြောင်း သိရသည်။ စက်သုံးဆီထုတ်လုပ်မှု ပမာဏမှာ ဓာတ်ဆီတန်ချိန် ၄၄ သန်းနှင့် ဒီဇယ်ဆီ တန်ချိန် ၈၈ သန်း ရှိကြောင်း သိရသည်။

ရုရှားသည် ၂၀၂၂ ခုနှစ်မှစ၍ ပင်လယ်ရေကြောင်းဖြင့် တင်ပို့မှုမြှင့်တင်ရန်အတွက် ၂၀၂၆ ခုနှစ်အထိ ရုရှားရေနံတင်ပို့မှုဆိုင်ရာ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို အကောင်အထည်ဖော်နေကြောင်း ဒုတိယဝန်ကြီးချုပ်က မှတ်ချက်ပြုခဲ့သည်။

အာရှ-ပစိဖိတ်ဒေသနိုင်ငံများ၏ စီးပွားရေးသည် ကမ္ဘာပေါ်တွင် အမြန်ဆုံးတိုးတက်ကြီးထွားလာနေသော နိုင်ငံများထဲတွင် ပါဝင်ပြီး လာမည့်ဆယ်စုနှစ်များအတွင်း အဆိုပါ တိုးတက်မှုအလားအလာသည် ဆက်လက်တည်ရှိနေမည်ဟု လေ့လာသူများက သုံးသပ်ထားပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

Source : https://tass.com/economy/1769253

…………………………………………………………………………………………………..

Agribusiness & Trade